ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းလေ့လာတင်ပြခြင်း


လေ့လာတင်ပြသူ

ဦးနန္ဒအောင်
လက်ထောက်ညွှန်ကြားရေးမှူး
ပစ္စည်းထောက်ပံ့ဌာနခွဲ



၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းလေ့လာတင်ပြခြင်း

မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **နိဒါန်း** | | ၁ |
| ၁။ | **ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော် ပထဝီဆိုင်ရာအချက်အလက်အကျဉ်း** | ၁ |
| ၂။ | **ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ သမိုင်းကြောင်း** | ၂ |
| | ၂.၁။ ဗီယမ်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၏သမိုင်း | ၂ |
| | ၂.၂။ ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၄ |
| | ၂.၃။ ၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၅ |
| | ၂.၄။ ၁၉၈၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၅ |
| | ၂.၅။ ၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၆ |
| | ၂.၆။ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၇ |
| ၃။ | **၂၀၁၃ ခုနှစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒ** | ၇ |
| | ၃.၁။ ဥပဒေပြုရေး | ၉ |
| | ၃.၂။ အုပ်ချုပ်ရေး | ၁၁ |
| | ၃.၃။ တရားစီရင်ရေး | ၁၃ |
| | ၃.၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပါမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း | ၁၆ |
| ၄။ | **သုံးသပ်တင်ပြချက်** | ၁၆ |
| ၅။ | **နိဂုံး** | ၁၉ |

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၏
# ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းလေ့လာတင်ပြခြင်း

## နိဒါန်း

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသည် ကမ္ဘာပေါ်ရှိ ကွန်မြူနစ်စနစ်ကျင့်သုံးသော နိုင်ငံများအနက်တစ်နိုင်ငံဖြစ်သည်။ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများတွင် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် လေးနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(CLMV)တွင် ပါဝင်သည့်နိုင်ငံဖြစ်သည့်အလျောက် ဒေသခွဲတွင်း လူမှုရေး၊စီးပွားရေးနှင့်၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်၍ စီးပွားရေးအလားအလာကောင်းများ ရရှိစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည့် နိုင်ငံလည်းဖြစ်သည်။ CLMV နိုင်ငံများသည် ပထဝီအနေအထားအရ အရှေ့တောင်အာရှနိုင်ငံများဧရိယာ၏ ၃၂ ရာခိုင်နှုန်းကို လွှမ်းခြုံထားသည့် နိုင်ငံများဖြစ်ပြီး ပထဝီအနေအထားအရ အရေးပါသော နိုင်ငံများဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံသည် မြန်မာ–ဗီယမ်နမ် နှစ်နိုင်ငံစီမံကိန်းများဖြစ်သော ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရေး၊ ဈေးကွက်အခွင့်အလမ်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည်ဖြင့် ပူးတွဲဆောင်ရွက်လျက်ရှိသည့်အရေးပါသောနိုင်ငံဖြစ်သောကြောင့် ယခုစာတမ်းတွင် ဗီယက်နမ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းကို လေ့လာတင်ပြအပ်ပါသည်။

## ၁။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မနိုင်ငံတော် ပထဝီဆိုင်ရာအချက်အလက်အကျဉ်း

ဗီယက်နမ်နိုင်ငံသည် အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရှေ့ဘက်တွင်တည်ရှိပြီး မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် တုံကင်ပင်လယ်ကွေ့၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် တောင်တရုတ်ပင်လယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် ၃၃၂၀၀၀ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး မြန်မာနိုင်ငံ၏ ထက်ဝက်နီးပါးခန့်ငယ်သည်။ မြို့တော်မှာ ဟန္ွိုင်းမြို့ဖြစ်ပြီး ဟိုချီမင်းမြို့မှာ နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည်။ နိုင်ငံ့လူဦးရေမှာ ၂၀၂၃ ခုနှစ်စာရင်းအရ ၉၉ သန်းကျော်ရှိသည်။ နိုင်ငံ၏ အမျိုးသားဘာသာစကားမှာ ဗီယက်နမ် ဘာသာစကားဖြစ်သည်။ နိုင်ငံတော်၌ ဗုဒ္ဓဘာသာ၊ ဗရင်ဂျီဘာသာ၊ တာအိုဘာသာနှင့်

ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်ကြသည်။ နိုင်ငံတော်တွင် သုံးစွဲသည့်ငွေကြေးမှာ ဒေါင် ဖြစ်သည်။[၁]

ဗီယက်နမ်နိုင်ငံအား ပြည်နယ် ၅၈ ခုဖြင့် ဖွဲ့စည်းထားသည်။ ထို့ပြင် ပြည်နယ်တို့နှင့် အုပ်ချုပ်ရေးအဆင့်တူညီသော စည်ပင်သာယာနယ်နိမိတ် ငါးခုကိုလည်း ဖွဲ့စည်းထားရှိသည်။ ဗီယက်နမ်နိုင်ငံ၏ မြေပြင်မှာ တောင်ကုန်းများပြားပြီး သစ်တောထူထပ်ကာ မြေပြန့်မှာ နိုင်ငံ၏ ၂၀% ထက်မကျော်ပေ။ တောင်ကုန်းများမှာ နိုင်ငံကုန်းမြေဧရိယာ၏ ၄၀% မျှ ရှိပြီး အပူပိုင်းသစ်တောများမှာ နိုင်ငံကုန်းမြေ ဧရိယာ၏ ၄၂% မျှရှိသည်။[၂]




**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ မြေပုံ**

**၂။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ သမိုင်းကြောင်း**

**၂.၁။ ဗီယမ်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၏သမိုင်း**

ဗီယက်နမ်နိုင်ငံဟုဖြစ်လာမည့်ဒေသတွင် ကျောက်ခေတ်နှောင်းပိုင်းနှင့် ကြေးခေတ်အစောပိုင်းကာလမှစတင်၍ လူသားတို့စတင်နေထိုင်ခဲ့သည်။ ထိုစဉ်ကာလကတည်းက လယ်ယာစိုက်ပျိုးရေးနှင့် မိုးသီးနှံစပါးကို စိုက်ပျိုးခဲ့ကြသည်။ အက်စတိုးနီးယန်း၊ မွန်ခမာနှင့် တိုင်လူမျိုးနွယ်များရောနှောလာပြီး ဗန်းလန်နှင့် အောလပ်စ်ပြည်ထောင်များ ပေါ်ပေါက်လာကာ ၎င်းတို့၏ ယဉ်ကျေးမှုသည် အရှေ့တောင်အာရှဒေသများသို့ ပျံ့နှံ့ခဲ့သည်။ ဘီစီ ၇

[၁] https://www.britannica.com/place/Vietnam

[၂] https://vinpearl.com/en/government-of-vietnam

ရာစု၌ ဗန်းလန်ပြည်မှ ဟွန်ဗျောင်မင်းဆက်သည် ပထမဆုံးဗီယက်နမ်နိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ဘီစီ ၂၅၇ ခုနှစ်တွင် ဟွန်ဘုရင်အား အောလပ်စ်ပြည်မှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး နှစ်ပြည်ထောင်ကိုပူးပေါင်းကာ အောလပ်စ်နိုင်ငံအဖြစ်ထူထောင်ခဲ့သည်။ ဗီယက်နမ်တို့သည် ပြည်ပမှဝင်ရောက်ကျူးကျော်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရပြီး ကျူးကျော်စစ်ပွဲပေါင်းရာချီ၍ဆင်နွှဲခဲ့ရသည်။ ထို့နောက်တရုတ်မင်းဆက်များ၏ ကျူးကျော်သိမ်းပိုက်မှုကိုခံခဲ့ရပြီး တရုတ်နိုင်ငံ၏ လက်အောက်ခံအဖြစ် နှစ်ပေါင်းတစ်ထောင်ကျော် ကျရောက်ခဲ့ရသည်။ ဗီယက်နမ်လူမျိုးတို့သည် တရုတ်မင်းဆက်၏ ကျူးကျော်သိမ်းပိုက်မှုကို မခံချင်စိတ်၊ ခိုင်မာတည်ကြည်သော စိတ်ဓာတ်တို့ဖြင့် တစ်မျိုးသားလုံးညီညွတ်စွာ ခုခံတွန်းလှန်ခဲ့ကြရာ ဘီစီ ၉၃၈ တွင် Bach Dang အောင်ပွဲဖြင့် ဗီယက်နမ်သမိုင်းတွင် လွတ်လပ်သောမြေရှင်ပဒေသရာဇ်နိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့ကာ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးနှင့် ကာကွယ်ရေးကို တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့နောက်တွင် ငိုမင်းဆက် (၉၃၈-၉၆၅)၊ ဒင်မင်းဆက် (၉၆၉-၉၇၉)နှင့် အစောပိုင်းလီမင်းဆက် (၉၈၀-၁၀၀၉) စသည့် မင်းဆက်များပေါ်ပေါက်လာခဲ့ပြီး ဗဟိုဦးစီးစနစ်ကို ကျင့်သုံးသည့်နိုင်ငံအဖြစ် တည်ထောင်ခဲ့ကြသည်။[၃]

လီမင်းဆက် (၁၀၀၉-၁၂၂၆)၊ ထရန်မင်းဆက် (၁၂၂၆-၁၄၀၀)၊ ဟိုမင်းဆက် (၁၄၀၀-၁၄၀၇) နှင့် လီဆိုမင်းဆက် (၁၄၂၈-၁၅၂၇) တို့လက်ထက်တွင် နိုင်ငံတော်၏ အမည်ကို ဒေးဗီယက် (Dai Viet) ဟုခေါ်ဆို၍ ထိုကာလများ၌ ဗီယက်နမ်တို့၏ ရွှေခေတ်အဖြစ် အာရှတခွင်တွင်ထွန်းတောက်ခဲ့သည်။ တရုတ်တို့၏ ဟန်အက္ခရာကို အသုံးမပြုတော့ဘဲ ၎င်းကို အခြေခံထားသည့် ဗီယက်နမ်တို့၏ ကိုယ်ပိုင်အက္ခရာဖြစ်သည့် နမ်အက္ခရာကို စတင်တီထွင်အသုံးပြုနိုင်ခဲ့သည်။ ထိုကာလများ၌ ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှု၊ သမိုင်းနှင့် ဥပဒေပညာရပ်များထွန်းကားခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးတက္ကသိုလ်ကိုပင် တည်ထောင်နိုင်ခဲ့သည်။[၄]

၁၆ ရာစုနှစ်မှစ၍ ကွန်ဖြူးရှပ်၏ အတွေးအခေါ်များ ထွန်းကားလာပြီးနောက် မြေရှင်ပဒေသရာဇ်ခေတ် အဆုံးသတ်ခဲ့သည်။ အနောက်ဥရောအရှိ နိုင်ငံအများအပြား၌ အရင်းရှင်စနစ်ထွန်းကားနေစဉ် ဒေးဗီယက် (Dai Viet) သည် အယူအဆကွဲပြားမှုနှင့် ပြည်တွင်းစစ်အခက်အခဲများပေါ်ပေါက်နေသဖြင့် ၁၆ ရာစုနှစ်မှ ၁၈ ရာစုနှစ်အတွင်း

---

[၃] https://vietnam.gov.vn/history-68964

[၄] Ibid.

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။[၅] ၁၉ ရာစုအလယ်ပိုင်းတွင် ဥရောပရှိအရင်းရှင်နိုင်ငံကြီးများ၏ ကိုလိုနီနယ်ချဲ့မှုများပြားလာသည်နှင့်အညီ ဗီယက်နမ်သည် ပြင်သစ်တို့၏ ကိုလိုနီလက်အောက်သို့ကျရောက်ခဲ့ရသည်။ ၁၈၉၃ ခုနှစ်တွင် ပြင်သစ်တို့က ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုတို့ကိုစုပေါင်း၍ အင်ဒိုချိုင်းနားဒေသ အဖြစ်ထူထောင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ဂျပန်တို့က ဗီယက်နမ်ကို ကျူးကျော်သိမ်းပိုက်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဟိုချီမင်းသည် ဗီယက်မင်းအမည်ရှိသော ကွန်မြူနစ်နှင့် အမျိုးသားလွတ်မြောက်ရေးအဖွဲ့ကိုထူထောင်ခဲ့သည်။[၆]

## ၂.၂။ ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗီယမ်နမ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်းတွင် ပထမဦးဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့ဒီမိုကရက်တစ်တော်လှန်ရေးခုခံတွန်းလှန်မှုစစ်ပွဲနှင့် အမျိုးသားတည်ဆောက်ရေးအဖြစ် စတင်ခဲ့ပါသည်။ ဗီယက်မင်းလွတ်မြောက်ရေးအဖွဲ့သည် ပြင်သစ်တို့ထံမှလွတ်လပ်ရေးရရန်နှင့် ဂျပန်တို့၏ ကျူးကျော်မှုကိုအဆုံးသတ်ပြီး ၁၉၄၅ ခုနှစ်တွင် ဂျပန်တို့ လက်နက်ချပြီးနောက် ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံကို တည်ထောင်ခဲ့သည်။ ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့၌ကျင်းပခဲ့သော ယာယီအစိုးရ၏ ပထမအကြိမ်အစည်းအဝေးတွင် သမ္မတဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံအတွက် ဒီမိုကရေစီအခြေခံဥပဒေသစ်ကို ရေးဆွဲရန်လိုအပ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။ ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတ နိုင်ငံ၏ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့၌ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယအစည်းအဝေးတွင် အတည်ပြုခဲ့သည်။

၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာ၊ လွတ်လပ်ရေးနှင့် နယ်မြေစိုးမိုးရေးအတွက် တရားဝင်မှုကို ဖော်ဆောင်ပေးသည့် ဥပဒေဖြစ်ကာ အရှေ့တောင်အာရှနိုင်ငံများသမိုင်းတွင် တတိယမြောက်အစောဆုံး ပေါ်ပေါက်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေလည်းဖြစ်သည်။ ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း ၇ ခန်းပါရှိပြီး ပုဒ်မပေါင်း ၇၀ ပါဝင်သည်။ နိုင်ငံ တည်တံ့ခိုင်မြဲမှုကို ကာကွယ်ရန် ဒီမိုကရေစီအခြေခံသော နိုင်ငံတော်ကိုတည်ဆောက်ရန်၊ လူမျိုး၊ ကျား/မ၊ လူမှုရေးအဆင့်အတန်းနှင့် ဘာသာရေးခွဲခြားမှုမရှိဘဲ စည်းလုံးညီညွတ်ရန်စသည့် အခြေခံမှု

[၅] Ibid.

[၆] https://www.vietnamconsulate-ny.org/about/2/brief-history-of-vietnam.html

(၃)ရပ်ကိုချမှတ်ထားသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်စွာရေးသား ပြောဆိုခွင့်၊ ပုံနှိပ်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်စသည့်အခွင့်အရေးများကို ပြည့်စုံစွာပြဋ္ဌာန်းခဲ့သည်။[၇]

## ၂.၃။ **၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ**

ဗီယက်နမ်နိုင်ငံသည် နိုင်ငံရေးဆိုင်ရာဝါဒပဋိပက္ခများကြောင့် တောင်နှင့်မြောက် နှစ်ပိုင်းကွဲခဲ့သည်။ ဗီယက်နမ်မြောက်ပိုင်းတွင် ကွန်မြူနစ်ဝါဒကိုလက်ခံ ကျင့်သုံးသော ဟိုချီမင်း၏ ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် တောင်ပိုင်းတွင် ဘောင်ဒိုင်းဧကရာဇ်၏ ဗီယက်နမ်နိုင်ငံဟူ၍ နိုင်ငံနှစ်ခုပေါ်ပေါက်လာခဲ့သည်။ ထိုကဲ့သို့ နှစ်ဖက်နိုင်ငံရေးဝါဒ အားပြိုင်မှုများ ပြင်းထန်လာခြင်းကြောင့် ၁၉၅၅ ခုနှစ်တွင် ဗီယက်နမ်စစ်ပွဲ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင့်သုံး၍မရနိုင်ခဲ့ပေ။ သို့ဖြစ်၍ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပခဲ့သော ကောဒသမအကြိမ်မြောက် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုခဲ့ပြီး ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့သည်။ ၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း ၁၀ ခန်း၊ ပုဒ်မပေါင်း ၁၁၂ ခုပါဝင်ပြီး ကွန်မြူနစ်သဘောတရားများ ပိုမိုပေါ်လွင်စေရန်နှင့် တောင်နှင့်မြောက် ခွဲထွက်၍မရသောသဘောတရားကို အလေးထားရန်ပြဋ္ဌာန်းထားသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရ မြောက်ပိုင်းဗီယက်နမ်သည် လုပ်သားအင်အားစုက ခေါင်းဆောင်သော ပြည်သူ့ဒီမိုကရက်တစ်နိုင်ငံအဖြစ် ပေါ်ပေါက်လာခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဗီယက်နမ်စစ်ပွဲပြီးဆုံးခဲ့ပြီး မြောက်ပိုင်းဗီယက်နမ်က အနိုင်ရရှိခဲ့သည်။[၈]

## ၂.၄။ **၁၉၈၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ**

၁၉၇၅ ခုနှစ်တွင်မြောက်ပိုင်းနှင့်တောင်ပိုင်းကိုပြန်လည်ပေါင်းစည်းခဲ့ပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံကို တည်ထောင်ခဲ့သည်။ ထို့နောက်ဆိုရှယ်လစ်ဝါဒနှင့် ယဉ်ကျေးမှုအသစ်ဖွံ့ဖြိုးလာမှုများကို အလေးထားရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။ ထိုကာလများ၌ ဗီယက်နမ်တပ်မတော်သည် ကမ္ဘောဒီးယားနယ်စပ်ရှိ ကျေးရွာများကို ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်မှုမရှိခြင်းကြောင့် ဗီယက်နမ်နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုအပေါ် အားထားခဲ့ရသည်။

---

[၇] https://constitutionnet.org/country/vietnam

[၈] Ibid. https://constitutionnet.org/country/vietnam

ဗီယက်နမ်နိုင်ငံသည် ၁၉၇၇ ခုနှစ် ဆိုဗီယက်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို စံပြုရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်အား ၁၉၈ဝ ပြည့်နှစ်တွင်ပြဋ္ဌာန်းခဲ့သည်။ ၁၉၈ဝ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် သတ္တမအကြိမ်မြောက် အမျိုးသားလွှတ်တော်က ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ညီတစ်ညွတ်တည်း အတည်ပြုပြဋ္ဌာန်းခဲ့ကြသည်။ ၁၉၈ဝ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း ၁၂ ခန်း၊ ပုဒ်မပေါင်း ၁၄၇ ခုပါဝင်သည်။ ဆိုရှယ်လစ်စနစ်သို့အသွင်ကူးပြောင်းရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကူးပြောင်းနိုင်ခဲ့ပြီး တရားစီရင်ရေးစနစ်ကို ခိုင်မာအားကောင်းစေခဲ့သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အာဏာကို နိုင်ငံတော်ကောင်စီသို့ အပ်နှင်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်ကြိမ်ပြင်ဆင်ခဲ့ပြီး ၁၉၈၆ ခုနှစ်မှစတင်၍ ဗီယက်နမ်အစိုးရသည် စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကာ ကမ္ဘာ့စီးပွားရေးနှင့်ပေါင်းစည်းလုပ်ဆောင်နိုင်ခဲ့သည်။[၉]

## ၂.၅။ ၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၉၂ ခုနှစ်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီက ဦးဆောင်၍ အမျိုးသားပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ခဲ့ရာ ၁၉၈ဝ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ လိုအပ်သောအချက်များကို ပြုပြင်ပြောင်းလဲရန်၊ ပိုမိုခိုင်မာပြီး လက်တွေ့ကျသော ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရန်နှင့် ပေါ်ပေါက်လာသော အခြေအနေသစ်များ၊ လုပ်ငန်းတာဝန်အသစ်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း ၁၂ ခန်း၊ ပုဒ်မပေါင်း ၁၄၇ ခုပါဝင်သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားလွှတ်တော်ကို အသစ်ပြန်လည်ဖွဲ့စည်းရန်၊ နိုင်ငံတော်ယန္တရား၌ ပိုမိုကောင်းမွန်သောအဖွဲ့အစည်းများနှင့် လည်ပတ်ဆောင်ရွက်မှုတို့ကိုဦးတည်ရန်၊ စီးပွားရေးစီမံခန့်ခွဲမှုအတွက် ယန္တရားအသစ်တစ်ရပ်ကို ထူထောင်ရန် အဓိကထားခဲ့သည့်အပြင် နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးကို အားကောင်းစေကာ နိုင်ငံတကာစီးပွားရေးပေါင်းစည်းမှုကိုမြှင့်တင်ရန် ရည်ရွယ်ခဲ့သည်။[၁၀]

---

[၉] https://constitutionnet.org/country/vietnam

[၁၀] https://constitutionnet.org/country/vietnam

### ၂.၆။ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်ပေါင်း ၂၀ ကြာကျင့်သုံးခဲ့ပြီးနောက် ပြောင်းလဲလာသော နိုင်ငံတကာအခြေအနေများနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံမဲ ၉၇ ဒသမ ၅၉ ရာခိုင်နှုန်းဖြင့် အတည်ပြုခဲ့သည်။[၁၁] ထိုဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းပေါင်း ၁၁ ခန်း၊ ပုဒ်မပေါင်း ၁၂၀ ပါဝင်သည်။

### ၃။ ၂၀၁၃ ခုနှစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၀၁၃ ခုနှစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားချက်အရ ဗီယက်နမ်နိုင်ငံသည် မိမိ၏ တစ်စုတစ်စည်းတည်း (Unity)သော ပိုင်နက်နယ်မြေဖြစ်သည့် ပိုင်နက်ပင်မကုန်းမြေ၊ ကျွန်းစုများ၊ ပင်လယ်နှင့် လေပိုင်နက်တို့တွင် တည်တံ့ခိုင်မြဲစွာလွတ်လပ်သော အချုပ်အခြာအာဏာကို ကျင့်သုံးသည်ဟု ဖော်ပြထားပါသည်။[၁၂]

ဗီယက်နမ်နိုင်ငံသည် ပြည်သူများသာလျှင် အရှင်သခင်ဖြစ်ကြောင်းနှင့် နိုင်ငံ၏ အချုပ်အခြာအားလုံးသည် အလုပ်သမားလူတန်းစားများ၊ တောင်သူလယ်သမားများနှင့် ပညာတတ်လူတန်းစားများ ပေါင်းစည်းညီညွတ်မှုဖြင့် အခြေခံသော ပြည်သူများလက်ဝယ်တွင်ရှိကြောင်းဖော်ပြထားပါသည်။ ထို့အပြင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပိုင်းခြား၍ နိုင်ငံတော်၏ အဖွဲ့အစည်းများသို့ လွှဲအပ်သည်။ ထိုသို့ လွှဲအပ်ရာ၌ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေးအားဏာတို့ကို ကျင့်သုံးရာတွင် အဆိုပါ နိုင်ငံတော်၏အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ညှိနှိုင်းခြင်းနှင့် ထိန်းကျောင်းခြင်းကို ကျင့်သုံးဆောင်ရွက်ရမည်ဟု[၁၃] ပြဋ္ဌာန်းထားရာ ဗီယက်နမ်သမ္မတနိုင်ငံသည် အချုပ်အခြာအာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟု ပိုင်းခြား၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ညှိနှိုင်းခြင်းနှင့် ထိန်းကျောင်းခြင်း (Check and Belance) ကိုကျင့်သုံးဆောင်ရွက်ကြောင်းတွေ့ရှိရပါသည်။ သို့ရာတွင် မည်သို့ကျင့်သုံးမည့် နည်းလမ်းကို အခြေခံဥပဒေ၌လည်းကောင်း၊ သက်ဆိုင်ရာတရားစီရင်ရေးဥပဒေ၌လည်းကောင်း ရှင်းလင်းတိကျပြတ်သားစွာ ဖော်ပြထားသည်ကိုမတွေ့ရပါ။ ဥပဒေပြုအာဏာပိုင်ဖြစ်သော

---

[၁၁] https://constitutionnet.org/country/vietnam

[၁၂] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁။

[၁၃] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂ ။

အမျိုးသားလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ၊ လိုက်နာမှုရှိ/မရှိကို စိစစ်ကြီးကြပ်နိုင်သည့် အခွင့်အာဏာအပ်နှင်းခံရသော တစ်ခုတည်းသော အခြေခံဥပဒေ၏ အမြင့်ဆုံးသော အဖွဲ့အစည်းဖြစ်ပါသည်။

တရားလွှတ်တော်ချုပ်တွင်မူ ၎င်း၏ တရားစီရင်ရေးဥပဒေအရ တရားရုံးရှေ့ရောက်ရှိလာသောမှုခင်းများမှ အခြေခံဥပဒေနှင့်မညီသော ဥပဒေနှင့် အုပ်ချုပ်ရေး၏ ဆောင်ရွက်ချက်များကို ပြင်ဆင်ရန်သာ (Recommendation) တောင်းခံအကြံပြုနိုင်သည့်အာဏာရှိပါသည်။[၁၄]

အုပ်ချုပ်ရေးကဏ္ဍတွင်လည်း ၎င်း၏စီမံခန့်ခွဲမှုအောက်ရှိ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများ ကျင့်သုံးဆောင်ရွက်ထုတ်ပြန်သောဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိပါက ယင်းဥပဒေ အမိန့်များအကောင်အထည်ဖော်မှုကို ရပ်ဆိုင်းစေနိုင်ပြီး ပြင်ဆင်ရန်အမျိုးသားလွှတ်တော်ကို အဆိုပြုတင်ပြနိုင်သည့် အာဏာရှိပါသည်။[၁၅]

ဗီယက်နမ်သမ္မတနိုင်ငံတော်၏ အခြေခံဥပဒေသည် နိုင်ငံ၏ အခြေခံအကျဆုံးသော (Fundamental) ဥပဒေနှင့် အမြင့်ဆုံးသော (Supreme Law) ဖြစ်ကြောင်းကို ဖော်ပြထားပါသည်။ ထို့အပြင် တစ်ဆက်တစ်စပ်တည်း ဖော်ပြထားသည်မှာ အခြားသောဥပဒေများအားလုံးသည် အခြေခံဥပဒေနှင့် ညီညွတ်ရမည်ဖြစ်ကြောင်းနှင့် အခြေခံဥပဒေကို ထိခိုက်ပျက်ပြားစေသော အရာအားလုံးကိုပြင်ဆင်ရမည်[၁၆] ဟု ဖော်ပြထားပါသည်။ သို့ဖြစ်ရာ Constitution Review ကိုကျင့်သုံးရန် အဓိကကျသောအဖွဲ့အစည်းမှာ အမျိုးသားလွှတ်တော် (National Council) ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံသည် တစ်ပါတီစနစ်ကိုကျင့်သုံးပြီး ကွန်မြူနစ်စနစ်ကိုလက်ခံကျင့်သုံးသောနိုင်ငံဖြစ်သည်။ ကွန်မြူနစ်ပါတီသည် နိုင်ငံတစ်ဝန်းလုံးရှိ လုပ်သားပြည်သူများအပေါ်သစ္စာရှိသောကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး မက်စ်-လီနင်နှင့် ဟိုချီမင်းတို့၏ မူဝါဒသဘောတရားများနှင့်အညီ နိုင်ငံတော်ကို ဦးဆောင်သည့်အင်အားစုဖြစ်လာခဲ့သည်။ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်းတွင် "ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ၁၉၃၀ ခုနှစ်မှ စတင်၍ ဗီယက်နမ်ပြည်သူများသည် လွတ်လပ်ရေးအတွက် နှစ်ရှည်လများ ပင်ပန်းဆင်းရဲခံကာ တော်လှန်ရေးကို ဆင်နွှဲခဲ့ရကြောင်း၊

---

[၁၄] People's Courts 2014 Regulation page 7

[၁၅] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၈(၄)။

[၁၆] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၉။

တော်လှန်ရေးအောင်ပွဲအပြီး ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် သမ္မတ ဟိုချီမင်းသည် လွတ်လပ်ရေးကြေညာချက်ကို ဖတ်ကြား၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံမွေးဖွားခဲ့ကြောင်း၊ တစ်တိုင်းပြည်လုံး၏ စေတနာ၊ ခွန်အားနှင့် ကမ္ဘာတစ်ဝန်းရှိ မိတ်ဆွေများ၏ပံ့ပိုးကူညီမှုဖြင့် လွတ်လပ်ရေး၊တိုင်းပြည်ပြန်လည်ပေါင်းစည်းရေး၊ အမိမြေ ကိုကာကွယ်ရေးတို့ကိုဆောင်ရွက်နိုင်ခဲ့ပြီး ကြီးမားသောအောင်မြင်မှုများကို မှတ်တမ်း တင်နိုင်ခဲ့သည့် နိုင်ငံ့၏သမိုင်းကြောင်းကို အမြဲအမှတ်ရစေလိုကြောင်း" စသည်ဖြင့် ကွန်မြူနစ်ပါတီ၏ အရေးပါမှုကိုဖော်ပြထားသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသည် ပြည်သူများက အုပ်ချုပ်သော ဆိုရှယ်လစ် နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြည်သူများကပိုင်ဆိုင်ပြီး အလုပ် သမားလူတန်းစား၊ တောင်သူလယ်သမားနှင့် ပညာတတ်လူတန်းစားတို့၏ မဟာမိတ်များ ပေါ်တွင် အခြေခံထားသည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီသည် နိုင်ငံတော်နှင့် လူ့အဖွဲ့ အစည်းကို ဦးဆောင်သည့် အင်အားစုဖြစ်သည်။ ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့တရားစီရင် ရေးစနစ်ဖြင့်ဖွဲ့စည်းထားသော တရားစီရင်ရေးအဖွဲ့တို့ပါဝင်သည့် သမ္မတစနစ်၊ ပါလီမန် အစိုးရပုံစံဖြစ်သည်။[၁၇] ဗီယက်နမ်နိုင်ငံ၏ ဥပဒေစနစ်မှာ ဥရောပဥပဒေစနစ် (Civil Law Legal System) ဖြစ်သည်။[၁၈]

## ၃.၁။ **ဥပဒေပြုရေး**

အမျိုးသားလွှတ်တော် (National Council) သည် ပြည်သူများ၏ ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းသည့် အဖွဲ့အစည်းဖြစ်ပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော်၏ အမြင့်ဆုံးသော နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။[၁၉] အမျိုးသားလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကိုပြဋ္ဌာန်းရန်၊ ပြင်ဆင်ရန်အခွင့်အာဏာရှိသည်။ အမျိုးသားလွှတ်တော်သည် နိုင်ငံ၏အရေးအရာအားလုံးကိုကြီးကြပ်ပိုင်ခွင့် အခွင့်အာဏာ ရှိသည်။ အမျိုးသားလွှတ်တော်သည် နိုင်ငံ၏အဓိကရည်မှန်းချက်များ၊ မူဝါဒများ၊ လူမှု စီးပွားဖွံ့ဖြိုး တိုးတက်မှုအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။[၂၀] အမျိုးသားလွှတ်တော် အမတ် များကို နိုင်ငံတစ်ဝန်းလုံးရှိ မဲဆန္ဒနယ်များအလိုက် တိုက်ရိုက်လျှို့ဝှက်ဆန္ဒမဲပေးသော

[၁၇] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂ မှ ၅ အထိ။
[၁၈] http://judiciariesworldwide.fjc.gov/country-profile/vietnam#:~:text=Vietnam's%20legal%20system%20 is %20based,nomination%20and%20selection%20of%20judges.
[၁၉] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၆၉။
[၂၀] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၀။

စနစ်ဖြင့်ရွေးကောက်တင်မြှောက်သည်။[၂၁] ၎င်းတို့ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းလည်း ပြုနိုင်သည်။

အမျိုးသားလွှတ်တော်ကို လွှတ်တော်အမတ် ၄၀၀ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအပေါ် အယုံအကြည်မရှိပါက ဆန္ဒမဲပေးသည့် ပြည်သူကများကသော်လည်းကောင်း၊ လွှတ်တော်အစည်းအဝေးတွင်သော်လည်းကောင်း စွပ်စွဲပြစ်တင်ခြင်းပြုနိုင်သည်။ ထူးခြားသည့်အခြေအနေပေါ်ပေါက်သည့်အခါ အမျိုးသားလွှတ်တော်အမတ်စုစုပေါင်း၏ သုံးပုံနှစ်ပုံထောက်ခံဆန္ဒမဲဖြင့် အမျိုးသားလွှတ်တော်၏ သက်တမ်းကို တိုးခြင်း သို့မဟုတ် လျှော့ခြင်း ပြုနိုင်သည်။[၂၂]

အမျိုးသားလွှတ်တော်၏ လုပ်ငန်းတာဝန်များမှာ -

- ဥပဒေပြုအစီအစဉ်များအပေါ် ဆုံးဖြတ်ခြင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများနှင့် လွှတ်တော်၏ ဆုံးဖြတ်ချက်များကို လိုက်နာမှုရှိမရှိ စိစစ်ကြီးကြပ်ခြင်း၊
- အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များကို စိစစ်ကြီးကြပ်ခြင်း၊
- သမ္မတနှင့် အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊
- နိုင်ငံတော်သမ္မတ၊ လွှတ်တော်အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးချုပ်၊ ပြည်သူ့တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် တို့ကို ရွေးချယ်ခြင်း၊ ခန့်အပ်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း၊ စွပ်စွဲပြစ်တင်ခြင်း၊
- ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသော အစိုးရ၏ ဆောင်ရွက်ချက်များကို ဖျက်သိမ်းခြင်း၊
- စစ်ဘက်ဆိုင်ရာ ရာထူးအဆင့်များသတ်မှတ်ပေးခြင်း၊
- စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊
- နိုင်ငံခြားရေးမူဝါဒကို ဆုံးဖြတ်ပေးခြင်း နှင့်
- ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပပေးခြင်းတို့ဖြစ်သည်။

အမျိုးသားလွှတ်တော်၏ အမြဲတမ်းကော်မတီကို ဖွဲ့စည်းထားရှိရပြီး ထိုကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ အမြဲတမ်း

---

[၂၁] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇။

[၂၂] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၁။

ကော်မတီသည် အမျိုးသားလွှတ်တော်ကျင်းပနိုင်ခြင်းမရှိသည့် အခြေအနေနှင့် ကာလများတွင် ပြည်ပကျူးကျော်မှုနှင့် ရင်ဆိုင်ရပါက စစ်ကြေညာနိုင်သည့် အခွင့်အာဏာရှိသည်။[၂၃]

## ၃.၂။ အုပ်ချုပ်ရေး

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့ကို အမျိုးသားလွှတ်တော်အမတ်များအနက်မှရွေးချယ်၍ အမျိုးသားလွှတ်တော်ကရွေးချယ်ခန့်အပ်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး ပြည်တွင်းပြည်ပဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံတော်ကိုကိုယ်စားပြုသည်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နောက်ထပ်သမ္မတအသစ်ခန့်အပ်သည့်အချိန်အထိ ၎င်းတို့၏ ရာထူးတာဝန်များကို ထမ်းဆောင်ရသည်။[၂၄]

နိုင်ငံတော်သမ္မတ၏ လုပ်ငန်းတာဝန်များမှာ-

- ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်မှတ်ရေးထိုး အတည်ပြုပြဋ္ဌာန်းခြင်း၊
- လက်နက်ကိုင်တပ်ဖွဲ့များကို ဦးဆောင်ခြင်း၊ ကြည်း၊ရေ၊လေစစ်ဦးစီးချုပ်နှင့် အဆင့်မြင့်အရာရှိများကို ခန့်အပ်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း၊
- ဗီယက်နမ်ပြည်သူ့တပ်မတော်၏ အထွေထွေစစ်ဦးစီးချုပ်ကို ခန့်အပ်ခြင်းနှင့် ရာထူးမှဖယ်ရှားခြင်း၊
- အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ဖြင့် စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်း၊
- အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခြင်း၊
- ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်၊ ပြည်သူ့တရားလွှတ်တော်ချုပ်တရားသူကြီးနှင့် ရှေ့နေချုပ်တို့ကို ခန့်အပ်ခြင်းနှင့် ရာထူးမှထုတ်ပယ်ခြင်း၊
- အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဒုတိယဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အခြားသောအစိုးရအဖွဲ့ဝင်များကိုခန့်အပ်ခြင်းနှင့် ရာထူးမှထုတ်ပယ်ခြင်း၊

---

[၂၃] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၀။

[၂၄] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၆ မှ ၈၇ အထိ။

- ပြည်သူ့တရားလွှတ်တော်ချုပ် ဒုတိယတရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ဥပဒေအရာရှိများကို ခန့်အပ်ခြင်းနှင့် ရာထူးမှထုတ်ပယ်ခြင်း၊
- နိုင်ငံ့ကိုယ်စားပြု သံတမန်များကိုခန့်အပ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်းနှင့် နိုင်ငံခြားသံတမန်များကို လက်ခံခြင်း၊
- နိုင်ငံသားအဖြစ် ခွင့်ပြုခြင်းနှင့် ရုပ်သိမ်းခြင်း၊
- နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာခြင်း၊
- အစိုးရအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ခြင်းနှင့် လိုအပ်သောအမိန့်နှင့် ဒီကရီများထုတ်ပြန်ခြင်းတို့ဖြစ်သည်။[၂၅]

ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတက ၎င်း၏ကိုယ်စားဆောင်ရွက်ပေးရန် လွှဲအပ်လာသောတာဝန်များတွင် နိုင်ငံတော်သမ္မတကိုယ်စားတာဝန်ယူဆောင်ရွက်ရသည်။ နိုင်ငံတော်သမ္မသည် အကြောင်းကြောင်းကြောင့် ရာထူးတာဝန်ထမ်းဆောင်နိုင်ခြင်းမရှိသည့်အခါ ဒုတိယသမ္မတသည် ယာယီသမ္မတအဖြစ်ဆောင်ရွက်ရသည်။

အစိုးရအဖွဲ့သည် နိုင်ငံတော်၏ အမြင့်ဆုံးအုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့်အပြင် အမျိုးသားလွှတ်တော်၏ အုပ်ချုပ်ရေးအဖွဲ့လည်းဖြစ်သည်။ အစိုးရအဖွဲ့သည် ၎င်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားလွှတ်တော်နှင့် အမြဲတမ်းကော်မတီသို့ အစီရင်ခံတင်သွင်းရသည်။

အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဝန်ကြီးဌာနနှင့်အဆင့်တူအဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် ဖွဲ့စည်းထားသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်ပြီး အမျိုးသားလွှတ်တော်ကို တာဝန်ခံရသည်။ ဒုတိယဝန်ကြီးချုပ်သည် ဝန်ကြီးချုပ်အား ကူညီပံ့ပိုးပေးရန်ဖြစ်ပြီး ဝန်ကြီးချုပ်အား တာဝန်ခံ၍ ဝန်ကြီးချုပ်က ပေးအပ်လာသော တာဝန်များကို ထမ်းဆောင်သည်။ ဝန်ကြီးချုပ်သည် အကြောင်းကြောင်းကြောင့် ရာထူးတာဝန်ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါ ဒုတိယဝန်ကြီးချုပ်သည် ဝန်ကြီးချုပ်ကိုယ်စား အစိုးရအဖွဲ့ကို ဦးဆောင်ရသည်။[၂၆]

အုပ်ချုပ်ရေးနယ်ပယ်အတွင်း၌ ဝန်ကြီးချုပ်သည်၎င်း၏ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ အုပ်ချုပ်ရေးယန္တရားများက ထုတ်ပြန်သော အခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော ဥပဒေနှင့်အမိန့်များနှင့် ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ကြီးကြပ်ကွပ်ကဲသည့် တာဝန်လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရပ်ဆိုင်းစေခြင်းနှင့် ယင်း

---

[၂၅] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၈။

[၂၆] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၀ မှ ၉၃ အထိ။

အခြေခံဥပဒေနှင့် ဥပဒေတို့ကို ပယ်ဖျက်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ အဆိုပြု တင်သွင်းရန် အခွင့်အာဏာရှိကြောင်း ဗီယက်နမ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၈၊ အပိုဒ်ခွဲ ၄ တွင် တွေ့ရှိရပါသည်။[၂၇] နောက်ဆုံးအဆုံးအဖြတ်မှာ အမျိုးသားလွှတ်တော်၌သာရှိပါသည်။

ဒေသန္တရအုပ်ချုပ်ရေးယူနစ်များ (Local Administrative Units)။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ဒေသန္တရအုပ်ချုပ်ရေးကိုဆောင်ရွက်ရာ၌ ပြည်နယ်များ (Provinces) နှင့် ဗဟိုအချက်အချာမြို့တော်များ( centrally run cities) ဟူ၍ ပိုင်းခြားဆောင်ရွက်ကြောင်းတွေ့ရသည်။ ပြည်နယ်များကို ကျေးရွာများ၊ မြို့များ၊ မြို့နယ်ခွဲများ၊ ခရိုင်များဟူ၍ အဆင့်ဆင့်ပိုင်းခြားထားသည်။ ဗဟိုအချက်အခြာမြို့တော်များကို မြို့ပြများ၊ ခရိုင်များ၊ မြို့များ၊ အဆင့်တူစီမံခန့်ခွဲရေးယူနစ်များဟူ၍ ပိုင်းခြားထားသည်။ မြို့ပြများကို ရပ်ကွက်များ အဖြစ်ထပ်မံပိုင်းခြား၍ အုပ်ချုပ်စီမံဆောင်ရွက်သည်။ အမျိုးသားလွှတ်တော်သည် စီးပွားရေးဆိုင်ရာ အထူးအုပ်ချုပ်ရေးယူနစ်များကို တည်ထောင်သတ်မှတ်နိုင်သည်။ ဒေသန္တရအုပ်ချုပ်ရေးယူနစ်များ တည်ထောင်ခြင်း၊ ဖျက်သိမ်းခြင်း၊ တိုးချဲ့ခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်းတို့ကို ထိုဒေသတွင်နေထိုင်သူပြည်သူများ၏ ဆန္ဒနှင့်အညီဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နိုင်သည်။[၂၈]

## ၃.၃။ **တရားစီရင်ရေး**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ တရားစီရင်ရေးကို ပြည်သူ့တရားလွှတ်တော်ချုပ်၊ အမြင့်ဆုံးခုံရုံး၊ ဒေသဆိုင်ရာပြည်သူ့တရားရုံးများ၊ စစ်ခုံရုံးများ၊ အခြားတရားရုံးများနှင့် ဥပဒေအရဖွဲ့စည်းသော အထူးခုံရုံးများဖြင့် ဖွဲ့စည်းဆောင်ရွက်သည်။ ပြည်သူ့တရားရုံးများသည် တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် နိုင်ငံသားများ၏ အခွင့်အရေး၊ ဆိုရှယ်လစ်စနစ်၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းတို့၏ ဥပဒေနှင့်အညီရထိုက်သောအကျိုးစီးပွားတို့ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။[၂၉]

အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်သည့်အမှုများမှလွဲ၍ အခြားအမှုများတွင် ပြည်သူများရှေ့မှောက် တရားစီရင်ရာ၌ အကဲဖြတ်သူ ပြည်သူ့အဆက်ဆာများ (Assessors) ကပါဝင်ဆောင်ရွက်နိုင်ကြောင်း၊ တရားသူကြီးများနှင့် ပြည်သူ့အဆက်ဆာများသည် ဥပဒေကိုသာ လေးစားလိုက်နာရန်လိုအပ်ကြောင်း၊ အမှုများကို အများပြည်သူ ရှေ့မှောက်

---

[၂၇] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၈(၄)။

[၂၈] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၀။


[၂၉] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၂။

တွင် စစ်ဆေးစီရင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏လျှို့ဝှက်ချက်၊ နိုင်ငံတော်၏ ဓလေ့ထုံးတမ်း၊ အရွယ်မရောက်သေးသူများနှင့် အမှုသည်ကို ကာကွယ်ရန်လိုအပ်ချက်တို့ရှိပါက ပြည်သူ့တရားရုံးသည် အမှုကို အများပြည်သူရှေ့မှောက်တွင်မဟုတ်ဘဲ သီးသန့်စစ်ဆေးစီရင်နိုင်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ တွင် ပြဋ္ဌာန်းထားသည်။

ပြည်သူ့တရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးကဏ္ဍတွင် အမြင့်ဆုံးတရားရုံးဖြစ်ပြီး အခြားသောတရားရုံးများကို ကြီးကြပ်ကွပ်ကဲရသည်။ တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးလုပ်ငန်းများကို အကဲဖြတ်ကြီးကြပ်၍ တစ်ပြေးညီလုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်ပြဋ္ဌာန်းရသည်။ ပြည်သူ့တရားလွှတ်တော်ချုပ်၏ သက်တမ်းသည် ငါးနှစ်ဖြစ်သည်။ ပြည်သူ့တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်သည် ပြည်သူ့တရားလွှတ်တော်ချုပ်ကို တာဝန်ခံရပြီး ၎င်း၏လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားလွှတ်တော်၊ အမြဲတမ်းကော်မတီနှင့် နိုင်ငံတော်သမ္မတတို့ထံသို့ အစီရင်ခံတင်သွင်းရသည်။[၃၀]

ပြည်သူ့တရားရုံးများ၏ ဆုံးဖြတ်ချက်များသည် ဥပဒေအရစည်းနှောင်မှုရှိပြီး နိုင်ငံတော်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီက အတိအကျလေးစားလိုက်နာရန် တာဝန်ရှိသည်။ ဒေသဆိုင်ရာတရားရုံး တရားသူကြီးများသည် သက်ဆိုင်ရာဒေသရှိ ပြည်သူ့ကောင်စီများကို တာဝန်ခံရသည်။[၃၁]

ဗီယက်နမ်နိုင်ငံရှိ ပြည်နယ်၊ ခရိုင်နှင့် ဒေသန္တရအုပ်ချုပ်ရေးယူနစ်အဆင့်တိုင်းတွင် ပြည်သူ့တရားရုံးများဖွဲ့စည်းထားရှိသည်။ ပြည်သူ့တရားရုံးများတွင် ပြည်သူ့တရားလွှတ်တော်ချုပ်၊ ပြည်သူ့တရားလွှတ်တော်များ၊ ပြည်နယ်အဆင့် ပြည်သူ့တရားလွှတ်တော်များနှင့် ခရိုင်အဆင့်ပြည်သူ့တရားလွှတ်တော်များဟူ၍ တရားရုံးအဆင့် လေးဆင့်ရှိသည်။




[၃၀] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၄ နှင့် ၁၀၅။
[၃၁] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၅။

တရားရုံးအဆင့်လေးဆင့်အနက် ခရိုင်ပြည်သူ့တရားရုံးများသည် ရာဇဝတ်မှု၊ တရားမမှု၊ မိသားစုဆိုင်ရာနှင့် ကလေးသူငယ်ဆိုင်ရာအမှုများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အမှုများအတွက် မူလတရားရုံးများဖြစ်ကြသည်။

ပြည်နယ်တရားရုံးများသည် မူလတရားရုံးများအဖြစ်ဆောင်ရွက်သည့်အပြင် ခရိုင်တရားရုံးများမှ တင်သွင်းလာသော အယူခံအမှုများကို ကြားနာသည်။ ပြည်နယ်တရားရုံးများသည် ခရိုင်တရားရုံးများ၏ စီရင်ချက်များအား ပြန်လည်သုံးသပ်ပြီး စီရင်ချက်သည် ဥပဒေနှင့်မညီကြောင်းတွေ့ရှိပါက သို့မဟုတ် အချက်အလက်အသစ်များ ထွက်ပေါ်လာပါက အထက်တရားရုံးမှ ထပ်လောင်းသုံးသပ်ပေးရန် တောင်းဆိုနိုင်သည်။ ပြည်နယ်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများတွင် ရာဇဝတ်မှု၊ တရားမမှု၊ စီမံခန့်ခွဲရေးဆိုင်ရာအမှု၊ စီးပွားရေးဆိုင်ရာအမှု၊ အလုပ်သမားရေးရာအမှု၊ မိသားစုနှင့် ကလေးသူငယ်ဆိုင်ရာအမှုများ စစ်ဆေးဆုံးဖြတ်ခြင်းတို့ပါဝင်သည်။

ပြည်သူ့တရားလွှတ်တော်များအနေဖြင့် ဟန္နိုင်းမြို့တွင် တစ်ရုံး၊ ဒါနန်းမြို့တွင် တစ်ရုံးနှင့် ဟိုချီမင်းမြို့၌ တစ်ရုံးစသည်ဖြင့် ပြည်သူ့တရားလွှတ်တော် သုံးရုံးရှိသည်။ ပြည်သူ့တရားလွှတ်တော်များသည် တရားမအယူခံမှု၊ စီမံခန့်ခွဲရေးဆိုင်ရာအယူခံမှု၊ စီးပွားရေးဆိုင်ရာအယူခံမှုများ၊ အလုပ်သမားရေးရာအယူခံမှုများ၊ မိသားစုနှင့် ကလေးသူငယ်ရေးရာ အယူခံမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။ ပြည်နယ်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် ပြန်လည်သုံးသပ်နိုင်သည့် အခွင့်အာဏာလည်းရှိသည်။

ပြည်သူ့တရားလွှတ်တော်ချုပ်သည် အောက်တရားရုံးများ၏ စီရင်ချက်များကို ပြန်လည်သုံးသပ်ပိုင်ခွင့်အာဏာရှိသည်။ တရားရုံးများ၏ တရားစီရင်ဆုံးဖြတ်ရာတွင် တစ်ပြေးညီဖြစ်စေရန်အတွက် လမ်းညွှန်ချက်များထုတ်ပြန်နိုင်သည်။ ပြည်သူ့တရားလွှတ်တော်ချုပ်သည် တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲရန် အခွင့်အာဏာရှိသည်။

**ပြည်သူ့တရားစွဲအမှုလိုက် ဥပဒေအရာရှိရုံးများ (The People's Procuracies)။** ပြည်သူ့တရားစွဲအမှုလိုက် ဥပဒေအရာရှိရုံးများသည် တရားစွဲဆိုရေးလုပ်ငန်းစဉ်များတွင် ကြီးကြပ်ရန်နှင့် တရားစွဲဆိုရန်တာဝန်ရှိသည်။ တရားစွဲအမှုလိုက်ဥပဒေအရာရှိချုပ် (ရှေ့နေချုပ်)၏ သက်တမ်းသည်ငါးနှစ်ဖြစ်သည်။ တရားစွဲအမှုလိုက်ဥပဒေအရာရှိချုပ်သည် ၎င်း၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ အမြဲတမ်းကော်မတီနှင့် နိုင်ငံတော်သမ္မတတို့ထံသို့ အစီရင်ခံတင်သွင်းရသည်။[၃၂]

[၃၂] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၇ နှင့် ၁၀၈။

### ၃.၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပါမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးနှင့် အခြေခံအကျဆုံးဥပဒေဖြစ်ကြောင်း ဖွဲ့စည်းပုံးအခြေခံဥပဒေ အပိုဒ် ၁၁၉ တွင် ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်တွင်ပြဋ္ဌာန်းသည့် အခြားဥပဒေများကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန် ပြဋ္ဌာန်းရသည်။ အမျိုးသားလွှတ်တော်၊ နိုင်ငံတော် သမ္မတ၊ အစိုးရအဖွဲ့၊ ပြည်သူ့တရားရုံးများ၊ ပြည်သူ့အမှုစစ်ဥပဒေအရာရှိရုံးများ၊ အခြား နိုင်ငံတော်အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည့်စနစ်ကို ဥပဒေထုတ်ပြန်၍ သတ်မှတ်ပြဋ္ဌာန်းရမည် ဖြစ်ကြောင်း အခြေခံဥပဒေ၏ အပိုဒ် ၁၁၉ တွင် အတိအလင်းဖော်ပြထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုပါက နိုင်ငံတော်သမ္မတ၊ အမျိုးသား လွှတ်တော်၏ အမြဲတမ်းကော်မတီ၊ အစိုးရအဖွဲ့၊ အနည်းဆုံး သုံးပုံတစ်ပုံသော အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက စတင်အဆိုပြုတင်သွင်းနိုင်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရန် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ အနည်းဆုံးသုံးပုံနှစ်ပုံက ဆန္ဒမဲပေး၍အတည်ပြုထောက်ခံပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သည်။[၂၂]

အမျိုးသားလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီကို ဖွဲ့စည်းနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီသည် ပြည်သူလူထု ၏ ဆန္ဒသဘောထားများကို တောင်းခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် မူကြမ်း ရေးဆွဲခြင်း၊ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းခြင်းလုပ်ငန်းတာဝန် များကို ဆောင်ရွက်ရသည်။ ကော်မတီမှ ရေးဆွဲထားသည့် ဥပဒေမူကြမ်းကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံဆန္ဒပြုပါက ဥပဒေကြမ်းသည် အတည်ဖြစ်လာသည်။[၂၃]

## ၄။ သုံးသပ်တင်ပြချက်

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့၏ လက်အောက်သို့ကျ ရောက်ခဲ့ရပြီး နိုင်ငံရေးအယူအဆကွဲပြားမှုကြောင့် နိုင်ငံ၏ တောင်ပိုင်းနှင့်မြောက်ပိုင်း

---

[၂၂] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၀။

[၂၃] ဗီယက်နမ်နိုင်ငံ၏ ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၀။

နှစ်ခြမ်းကွဲကာ ၁၉၅၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ နှစ် ၂၀ ကြာ ပြည်တွင်းစစ်ဒဏ်ကို ခံစားခဲ့ရသည်။ နိုင်ငံတော်ကို ထူထောင်ရာတွင် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာအရေးတို့အပေါ်မူတည်၍ ခေတ်နှင့်လျော်ညီသော တိုးတက်ပြောင်းလဲမှုဖြစ်စဉ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေများ ပြောင်းလဲရေးဆွဲ၍ကျင့်သုံးခဲ့ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ငါးခုရေးဆွဲကျင့်သုံးခဲ့သည့် နိုင်ငံလည်းဖြစ်သည်။ ထိုသို့ဖွဲ့စည်းပုံအခြေခံဥပဒေများ ပြောင်းလဲရေးဆွဲကျင့်သုံးရာတွင် ၁၉၈၀ ခုနှစ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲစဉ်အခါက ဆိုဗီယက်ပြည်ထောင်စု၏ ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို စံပြုရေးဆွဲခဲ့ကြောင်းလည်းတွေ့ရှိရသည်။ သို့သော်လည်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လက်ရှိကျင့်သုံးလျက်ရှိသော ၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်စနစ်ကျင့်သုံးလျက်ရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မူသဘောသဘာဝတူညီခြင်းမရှိတော့ဘဲ ကွဲပြားခြားနားနေပြီဖြစ်ကြောင်းတွေ့နိုင်သည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံတော်တည်ဆောက်ရေး သမိုင်းတလျှောက်တွင်လည်း ဗဟိုဦးစီးသည့်စနစ်ကိုသာ ကျင့်သုံးခဲ့သည့်နိုင်ငံဖြစ်သည်။ တစ်ပါတီစနစ်ကျင့်သုံးပြီး အလုပ်သမား၊ လယ်သမားနှင့် ပညာတတ်လူတန်းစား မဟာမိတ်များတွင် အခြေပြုသည့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးသည့်အချက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မြန်မာနိုင်ငံတွင် ၁၉၇၄ ခုနှစ်က ကျင့်သုံးခဲ့သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် ဆင်တူကြောင်းတွေ့ရသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့၊ အမျိုးသားလွှတ်တော်တစ်ရပ်၊ ပြည်သူ့တရားစီရင်ရေးအဖွဲ့တို့ဖြင့် ဖွဲ့စည်းကျင့်သုံးသော အစိုးရစနစ်ပုံစံမှာ တရုတ်နိုင်ငံ၏ အစိုးရစနစ်ပုံစံ၊ မြန်မာနိုင်ငံ၏ ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ အစိုးရစနစ်ပုံစံတို့နှင့် အခြေခံအားဖြင့် ဆင်တူသည်။ သို့ရာတွင် တရုတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မြန်မာနိုင်ငံ၏ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် အုပ်ချုပ်ရေးအမြင့်ဆုံးအာဏာပိုင်အဖွဲ့အဖြစ် နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းထားသည်ကို တွေ့ရှိရသော်လည်း ဗီယက်နမ်နိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်ကောင်စီ ဖွဲ့စည်းထားခြင်းကိုမတွေ့ရှိရပါ။ ဗီယက်နမ်နိုင်ငံ၏ ၁၉၈၀ ခုနှစ်က ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သာ နိုင်ငံတော်ကောင်စီ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်းတွေ့ရသည်။

ဗီယက်နမ်နိုင်ငံသည် ဗဟိုဦးစီးစနစ်ကိုကျင့်သုံးသည်ဆိုသော်လည်း အုပ်ချုပ်ရေးကဏ္ဍတွင် ထူးခြားသည့်အချက်အနေဖြင့် ဒေသန္တရအုပ်ချုပ်ရေးယူနစ်များကို စနစ်တကျ

ဖွဲ့စည်း၍ အာဏာခွဲဝေမှု (decentralized) ကိုအောက်ခြေထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းရှိသည်ကို တွေ့ရှိရသည်။ စီးပွားရေးဆိုင်ရာအထူးအုပ်ချုပ်ရေးယူနစ် များ တည်ထောင်နိုင်သည့် အခွင့်အာဏာကို အမျိုးသားလွှတ်တော်သို့ အပ်နှင်းထားသည် ကိုတွေ့ရသည်။ ဗဟိုဦးစီးစနစ်ကျင့်သုံးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း ဒေသန္တရအစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့များထံ ထိရောက်စွာ အာဏာခွဲဝေမှု (Decentralization of power) ရှိသဖြင့် အစိုးရ၏ စီမံခန့်ခွဲဆောင်ရွက်မှု စွမ်းဆောင်ရည်မြင့်မားပြီး ပြည်သူလူထုအတွက် အကျိုးရှိသည်ကို တွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဥပဒေပြုရေးကဏ္ဍတွင် အမျိုးသားလွှတ်တော်သည် အမြင့်ဆုံး အဖွဲ့ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာခြင်းရှိ/မရှိ စိစစ်ကြီးကြပ်နိုင်သည့် အခွင့် အာဏာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိသော အစိုးရ၏ ဆောင်ရွက်ချက်များ ကို ဖျက်သိမ်းနိုင်သည့် အခွင့်အာဏာတို့ရှိကြောင်းတွေ့ရှိရသည်။ ထိုအချက်မှာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၏ ၁၉၈၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ၁၉၇၄ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ကျင့်သုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အနက် အဓိပ္ပါယ်ဖွင့်ဆိုခြင်းစနစ် (Constitutional Interpretation System) နှင့် ဆင်တူသည်ဟု သုံးသပ်တွေ့ရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ တရားစီရင်ရေးကဏ္ဍတွင်လည်း ပြည်သူ့တရားလွှတ်တော်ချုပ်၊ ဒေသဆိုင်ရာပြည်သူ့တရားရုံးများဖြင့် ဖွဲ့စည်းဆောင်ရွက်ပြီး ပြည်သူ့တရားစီရင်ရေးတွင် အကဲဖြတ်သူ ပြည်သူ့အဆက်ဆာများ ထားရှိခြင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရားစီရင်ရေးစနစ်နှင့် တူညီကြောင်းတွေ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေအားထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက် သီးခြားဥပဒေထုတ်ပြန် ၍ ကာကွယ်စောင့်ရှောက်ကြောင်းတွေ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံးသုံးပုံနှစ်ပုံက ဆန္ဒမဲပေး၍ ထောက်ခံအတည်ပြုပါက ပြင်ဆင်နိုင်ကြောင်းတွေ့ရှိရပါသဖြင့် ဗီယက်နမ်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြင်ဆင်ရန်လွယ်ကူသော အခြေခံဥပဒေအမျိုးအစားဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**နိဂုံး**

ဗီယက်နမ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအပေါ် အချုပ်အားဖြင့် တင်ပြရပါက ၁၉၄၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်သစ်ကိုတော်လှန်ခြင်း Revolution မှ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော အခြေခံဥပဒေတစ်ရပ်ဖြစ်ခဲ့ပါသည်။ တောင်နှင့် မြောက်နှစ်ခြမ်းကွဲခဲ့သည့် ဗီယက်နမ်ပြည်တွင်းစစ်ပဋိပက္ခကို ချုပ်ငြိမ်းစေပြီး တောင်နှင့် မြောက်ပေါင်းစည်းမှု Solidarity ရရှိသည့် ၁၉၅၉ ခုနှစ် အခြေခံဥပဒေကိုအခြေခံခဲ့ပြီး နောက်နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ၁၉၈၀ ခုနှစ် အခြေခံဥပဒေ ၁၉၉၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ် အခြေခံဥပဒေများအဖြစ် ပြောင်းလဲမှုဖြစ်စဉ်ပေါ်ပေါက်လာခြင်းသည် Revolution မှရရှိခဲ့သော လွတ်လပ်ရေးအချုပ်အခြာအာဏာပိုင်နိုင်ငံကို တည်ထောင်သည့် အခြေခံဥပဒေမှအစပြုကာ တောင်နှင့်မြောက်ပေါင်းစည်းသည့် ၁၉၅၉ ခုနှစ် အခြေခံဥပဒေ နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲသည့် ဤအခြေခံဥပဒေများသည် Evolution of Rational Development Construction အတွက် တိုးတက်ဖြစ်ပေါ် ပြောင်းလဲလာသော အခြေခံဥပဒေများဖြစ်ကြသည်ဟု တင်ပြအပ်ပါသည်။

**ကျမ်းကိုးစာရင်း**


၁။ https://www.britannica.com/place/Vietnam

၂။ https://vinpearl.com/en/government-of-vietnam

၃။ https://vietnam.gov.vn/history-68964

၄။ https://www.vietnamconsulate-ny.org/about/2/brief-history-of-vietnam.html

၅။ https://constitutionnet.org/country/vietnam

၆။ Constitution of Vietnam, 2013.

၇။ People's Courts 2014 Regulation